**စီမံအုပ်ချုပ်သူများမှ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်**

အောက်ဖော်ပြပါစီမံအုပ်ချုပ်သူများ၏လေ့လာချက်နှင့်ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်)အီး ဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၁၉ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး ထို ဘဏ္ဍာရေးရှင်းတမ်းနှင့်အတူတွဲ၍ ဖတ်ရှုနိုင်ပါသည်။အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏ ဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။

ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၁၉ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

**မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် ("MTSH")**

မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီ တစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့်ကုမ္ပဏီ တစ်ခုဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် စီမံအုပ်ချုပ်မှုအတွက်ရငွေ၊ ရင်းနှီးမြှုပ်နှံမှုအပေါ် အမြတ်ရငွေများနှင့် အရောင်းကော်မရှင် အပါ အဝင် အသားတင်အမြတ်ငွေ ကျပ် (၁၅.၆) ဘီလီယံရရှိခဲ့ရာ ယခင်နှစ်ဘဏ္ဍာရေးနှစ်ထက် (၂၂)% တိုးမြှင့်ရရှိပါသည်။

**သီလဝါ ပရောပါတီး ဒီဗလော့မန့် လီမိတက် ("TPD")**

သီလဝါ ပရောပါးတီး ဒီဗလော့မန့် လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန်တွင်တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေး ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် နှစ်ရှည်ငှားရမ်းခြင်းလုပ်ငန်းများ လုပ် ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒီဗလော့မန့်လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု

ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကုမ္ပဏီ(“TSMCC”)မှ အစုရှယ်ယာ(၂၀)ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ (၈၀) ရာခိုင်နှုန်းအသီးသီးပိုင်ဆိုင်ကြပါသည်။

သီလဝါ ပရောပါးတီး ဒီဗလော့မန့် လီမိတက်သည် အိမ်ခြံမြေကဏ္ဍတွင် တိုးတက်မှုနှုန်း ဆက်လက် နေးကွေးနေသည့်တိုင်အောင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အသားတင်အမြတ်ငွေကျပ် (၆၁၄) သန်း ရရှိပါသည်။

**မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက် (“MJTD”)**

မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်းဇရိယာ ဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဇရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် မြန်မာ-ဂျပန် သီလဝါဒီဗလော့မင့် လီမိတက်၏ မတည်ငွေရင်း၏ (၄၁) ရာခိုင်နှုန်းကို ပိုင်ဆိုင်ပါသည်။ မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် မြန်မာ-ဂျပန်သီလဝါ ဒီဗလော့မင့် လီမိတက်သို့ ကိုယ်စားပြု ဒါရိုက်တာ(၄)ဦးအား ဂျပန်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရန် တာဝန်ပေးအပ်ထားပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့် လီမိတက်သည် အသားတင်အမြတ်ငွေ အမေရိကန်ဒေါ်လာ (၁၈.၃) သန်းရရှိပြီး ယခင်နှစ်ဘဏ္ဍာရေးနှစ်ထက် ရာခိုင်နှုန်းအားဖြင့် (၁၁) ရာခိုင်နှုန်း ပိုမိုတိုးတက် ရရှိခဲ့ခြင်းသည် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်မှုမြေယာများအပေါ်၌ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှု ဆက်လက်ခိုင်မာလျက်ရှိကြောင်းကို ပြနေသည့် လက္ခဏာရပ်ဖြစ်ပါသည်။

**နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းပေါင်းချုပ်**

| | ပြောင်းလဲသော ရာခိုင်နှုန်း | ၂၀၁၉ခုနှစ်၊ မတ်လ (၃၁)ရက် (ကျပ်သန်းပေါင်း) | ၂၀၁၈ခုနှစ်၊ မတ်လ (၃၁)ရက် (ကျပ်သန်းပေါင်း) |
|---|---:|---:|---:|
| ဝင်ငွေ | (၅၁%) | ၅,၃၈၂ | ၁၁,၀၀၁ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | (၆၃%) | (၂,၁၃၄) | (၅,၇၇၁) |
| အကြမ်းအမြတ် | (၃၈%) | ၃,၂၄၈ | ၅,၂၃၀ |
| အသုံးစရိတ် | ၁၁% | (၂,၈၂၅) | (၂,၅၃၅) |
| တွဲဖက်လုပ်ငန်းများမှရသည့်အမြတ်ငွေ | ၂၅% | ၁၁,၃၉၅ | ၉,၀၈၃ |
| လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ | ၀% | ၁၁,၈၁၈ | ၁၁,၇၇၈ |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ၂၈၃% | ၄,၀၉၆ | ၁,၀၇၀ |
| အခွန်လျာထားခြင်းမပြုမီ စုစုပေါင်းအမြတ် | ၂၄% | ၁၅,၉၁၅ | ၁၂,၈၄၉ |
| ဝင်ငွေခွန် | ၆၀၀% | (၃၀၄) | (၄၃) |
| အသားတင်အမြတ် | ၂၂% | ၁၅,၆၁၀ | ၁၂,၈၀၅ |

| | | | |
|---|---:|---:|---:|
| အကြမ်းအမြတ်ရာခိုင်နှုန်း | ၂၇% | ၆၀% | ၄၈% |

| | | | |
|---|---:|---:|---:|
| ရှယ်ယာတစ်စောင်၏အခြေခံဝင်ငွေ (ကျပ်) | ၂၈% | ၃၉၈ | ၃၁၀ |

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေ ကျပ် (၅.၃) ဘီလီယံရရှိခဲ့ရာ ယခင်နှစ်ဘဏ္ဍာရေးနှစ်ထက် ရာခိုင်နှုန်းအားဖြင့် (၅၁)ရာခိုင်နှုန်း လျော့နည်းခြင်းသည် ဆောက်လုပ်ရေးလုပ်ငန်းမှ ကျပ် (၃.၅) ဘီလီယံနှင့် အိမ်ခြံမြေ ရောင်းဝယ်ရေးလုပ်ငန်းမှ ကျပ် (၂.၇) ဘီလီယံလျော့ကျသွားခြင်းတို့ကြောင့်ဖြစ်သည်။

ဝင်ငွေ (၅၁) ရာခိုင်နှုန်း လျော့နည်းသော်လည်း အကြမ်းအမြတ် (၃၈) ရာခိုင်နှုန်းသာလျော့ကျခြင်းမှာ အကျိုးအမြတ်များသောကော်မရှင်လုပ်ငန်းမှ ဝင်ငွေ ကျပ် (၁.၁) ဘီလီယံ တိုးလာသောကြောင့်ဖြစ်သည်။

အခြားအဓိကတိုးတက်မှုများမှာ ဖက်စပ်လုပ်ငန်းဖြစ်သည့် မြန်မာ-ဂျပန် သီလဝါ ဒီဗလော့မင့်လီမိတက်မှရရှိသော အမြတ်ငွေ ကျပ် (၂.၃) ဘီလီယံတက်ခဲ့ပြီး၊ အတိုးရရှိငွေ ကျပ် (၁.ဝ) ဘီလီယံ တိုးတက်ခဲ့ပါသည်။ ၂ဝ၁၈-၂ဝ၁၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားများ အပြောင်းအလဲအတက်အကျ ဖြစ်ပေါ်မှုများအရ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဝင်ငွေ အမေရိကန်ဒေါ်လာနှင့် ၂ဝ၁၉ခုနှစ်၊ မတ်လ (၃၁)ရက်နေ့၌ လက်ဝယ်တွင်ရှိသော စုဆောင်းထားငွေ အမေရိကန်ဒေါ်လာတန်ဘိုးသည် ကျပ်ငွေအသွင်အားဖြင့် တိုးမြှင့်လာမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ဤသို့အပေါင်းလက္ခဏာဆောင်သော အချက်အလက်များကြောင့် ရှယ်ယာတစ်စု၏အခြေခံဝင်ငွေသည် (၂၈) ရာခိုင်နှုန်းတိုးတက်ခဲ့ရာ၂ဝ၁၈ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ  ရှယ်ယာတစ်စု၏အခြေခံဝင်ငွေသည် ကျပ် (၃၁ဝ) ဖြစ်သော်လည်းယခု ကျပ် (၃၉၈)အထိ တန်ဘိုးတိုးတက်မှုရှိပါသည်။

**ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

ကျပ်သန်းပေါင်း

| | ပြောင်းလဲသော ရာခိုင်နှုန်း | ၂၀၁၉ခုနှစ်၊ မတ်လ (၃၁) ရက် | ၂၀၁၈ခုနှစ်၊ မတ်လ (၃၁)ရက် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| လက်ငင်းရပိုင်ခွင့်များ | (၆%) | ၆၂,၆၅၃ | ၆၆,၃၈၉ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | ၃၆% | ၃၄,၉၁၂ | ၂၅,၆၂၅ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၆%** | **၉၇,၅၆၅** | **၉၂,၀၁၄** |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | (၃၃%) | ၂,၇၅၅ | ၄,၁၁၂ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ၁၀% | ၂,၇၆၁ | ၂,၅၀၉ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **(၁၇%)** | **၅,၅၁၆** | **၆,၆၂၂** |
| **အသားတင်ရပိုင်ခွင့်များ** | **၈%** | **၉၂,၀၄၉** | **၈၅,၃၉၂** |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | - | ၃၈,၉၂၉ | ၃၈,၉၂၉ |
| စုဆောင်းပြီး အမြတ်လက်ကျန် | ၁၇% | ၄၅,၅၁၆ | ၃၈,၉၈၂ |
| အခြားအကျိုးခံစားခွင့်ဆိုင်ရာများ | ၂% | ၇,၆၀၄ | ၇,၄၈၁ |
| **စုပေါင်းရင်းနှီးငွေ** | **၈%** | **၉၂,၀၄၉** | **၈၅,၃၉၂** |

လက်ငင်းရပိုင်ခွင့် (၆) ရာခိုင်နှုန်းကျဆင်းခဲ့ခြင်းမှာ လူနေအိမ်ရာနှင့်စီးပွားရေးဧရိယာအတွင်း တည်ဆောက်ပြီးစီးသော ရေသန့်စင်စက်ရုံ၊ ထရန်စဖော်မာနှင့် ထိန်းချုပ်ရေးစင်တာတို့၏ မြေနှင့်မြေပြုပြင်စရိတ်များကို လက်ငင်းရပိုင်ခွင့်မှ လက်ငင်းမဟုတ်သော ရပိုင်ခွင့်များအောက်ရှိ ပုံသေပိုင်ပစ္စည်းစာရင်းသို့ ရွှေ့ပြောင်းမှုကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သော ရပိုင်ခွင့် (၃၆) ရာခိုင်နှုန်းတိုးမြင့်လာမှုသည် တစိတ်တပိုင်းအားဖြင့် အထက်တွင်ရှင်းလင်းထားသော ရွှေ့ပြောင်း

မှုကြောင့်ဖြစ်ပြီး၊ အဓိကအားဖြင့် တွဲဘက်လုပ်ငန်း၏ ခွဲဝေမှုမပြုရသေးသော အမြတ်ငွေပမာဏများကြောင့် တွဲဘက်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသည့်ပမာဏ မြင့်တက်သွားသောကြောင့်ဖြစ်ပါသည်။

လက်ငင်းပေးရန် တာဝန်၌ (၃၃)ရာခိုင်နှုန်း လျော့ကျခြင်းမှာ ဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်ချက်များ လျော့ပါးလာသောကြောင့် ဆပ်ကန်ထရိုက်တာများသို့ ပေးရန်တာဝန်များ လျော့နည်းသွားခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် လက်ကျန်ရှမ်းတမ်းတွင် အစုပေါ် အမြတ်ငွေခွဲဝေမှုကို အစုရှင်များမှ အတည်မပြုရသေးသည့်အတွက် နိုင်ငံတကာစာရင်းစံများနှင့်အညီ ပေးရန်ရှိစာရင်းတင်သွင်းမှုမပြုရသေးပါ။ နိုင်ငံတကာ စာရင်းစံအမှတ် (၁၀)အရ အစီရင်ခံပြီး ကာလနောက်ပိုင်း ဖြစ်ပေါ်ချက် အစုပေါ် အမြတ်ငွေခွဲဝေမှုကို အစုရှင်များက အထွေထွေ နှစ်ပတ်လည် အစည်းအဝေးတွင် အတည်ပြုပြီးမှသာ လက်ငင်းပေးရန် တာဝန်၌ စာရင်းသွင်းမည်ဖြစ်ပါသည်။

လက်ငင်းမဟုတ်သော ပေးရန်တာဝန် (၁၀) ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းသည် ဝယ်သူများ၏ ကြိုတင်ပေးသွင်းငွေများကို ဘဏ္ဍာရေးရှင်းတမ်းတွင် ဝင်ငွေအဖြစ် အသိအမှတ်မပြုရသေးသောကြောင့် ဖြစ်ပါသည်။ ဝယ်သူများထံမှ ကြိုတင်ရငွေကို စာချုပ်ချုပ်ဆိုခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့် ပြီးပြည့်စုံမှသာ ဝင်ငွေအဖြစ်သတ်မှတ်ပါသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် အမြတ်လက်ကျန်ငွေ (၁၇) ရာခိုင်နှုန်း၊ ပမာဏအားဖြင့် ကျပ် (၆.၅) ဘီလီယံ တိုးတက်ခဲ့ခြင်းမှာ စက်မှုမြေယာအပိုင်းတွင် အမြတ်လက်ကျန် တိုးတက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

**အနာဂတ်အလားအလာ**

သီလဝါ ပရောပါတီး ဒီဗလော့မင့်လီမိတက်၏ ဝင်ငွေသည် မြေယာငှားရမ်းခြင်း၊ နေအိမ်ဆိုင်ခန်း ရောင်းချခြင်းနှင့် ငှားရမ်းခြင်း၊ လုပ်သားအဆောင်ငှားရမ်းခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများမှ ဝင်ငွေများ ရရှိထားခြင်းဖြစ်ပါသည်။ မြေယာငှားရမ်းခြင်းမှ ရရှိသောဝင်ငွေသည် လျော့ကျလျက်ရှိသော်လည်း နေအိမ်ဆိုင်ခန်းရောင်းချခြင်းနှင့် ငှားရမ်းခြင်း၊ လုပ်သားအဆောင်ငှားရမ်းခြင်းတို့မှာ အလားအလာကောင်းများရှိလျက် ဖြစ်ပါသည်။ လူနေအိမ်ရာနှင့်စီးပွားရေးဇရိယာအတွင်း လုပ်သားအဆောင်၊ စူပါမားကတ်၊ ပြည်တွင်း ဘဏ်များမှ အလိုအလျောက် ငွေထုတ်စက်များ၊ ၂၄နာရီ ဖွင့်လှစ်သော ကုန်စုံဆိုင်၊ နေအိမ်ဆိုင်ခန်းများ လုပ်ငန်းလည်ပတ်လျက် ရှိပါသည်။ အနာဂတ် စီမံကိန်းများဖြစ်သော ဈေးဝယ်စင်တာ၊ ဖူဆယ်(လ်) ဘောလုံးကွင်း၊ ပြည်တွင်းဘဏ်ခွဲများ၊ ဂျပန် အစားအစာ၊ ထိုင်းအစားအစာ၊ ပြည်တွင်းနှင့် တရုတ်အစားအစာနှင့် Café များပါဝင်သော စားသောက်ဆိုင်တန်းများပြီးစီးပါက လူနေအိမ်ရာနှင့်စီးပွားရေးဇရိယာအတွင်း ပိုမိုစည်ကားလာကာ စီးပွားရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာပါမည်။ သီလဝါ ပရောပါတီး ဒီဗလော့မင့်လီမိတက်၏ စီမံခန့်ခွဲ

သူများသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံဈေးကွက် ပြန်လည်ဦးမော့လာသည့်အချိန်အထိ သင့်တင့်စွာ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဟု ယုံကြည်လျက်ရှိပါသည်။

မြန်မာ-ဂျပန်သီလဝါ ပရောပါးတီး ဒီဗလော့မင့်အနေဖြင့် နှစ်ရှည်မြေငှားရမ်းခြင်းမှ ဝင်ငွေတိုးတက်လာမှုသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးစွမ်းဆောင်မှု ယခင်နှစ်ထက်ပို၍ တိုးတက်စေခြင်း၏ အဓိကအကြောင်းဖြစ်ပါသည်။ နှစ်ရှည်မြေငှားရမ်းမှုမှ ဝင်ငွေ တိုးတက်လာမှုအပြင် စက်ရုံငှားရမ်းမှုနှင့် ရေနှင့်လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုလုပ်ငန်းများမှလည်း ဝင်ငွေများ တိုးတက်ရရှိနိုင်မည်ဟု မျှော်မှန်းထားပါသည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ကုမ္ပဏီပေါင်း ၁၀၇ခုမှ အမေရိကန်ဒေါ်လာ ၁.၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားပြီး၊ ၎င်းကုမ္ပဏီများအနက်မှ ၁၃ခုမှာ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လျက်ရှိပါသည်။ ထိုအချက်က သီလဝါအထူး စီးပွားရေးဇုန်သည် မြန်မာပြည်တွင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကောင်းဆုံးနေရာ တစ်ခုဖြစ်ကြောင်း ညွှန်ပြလျက်ရှိပြီး၊ တိုယိုတာ မော်တော်ကားကုမ္ပဏီ၏ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ကြေညာချက်သည် သီလဝါအထူးစီးပွားရေးဇုန်၏ ပြိုင်ဖက်မရှိ အဆင့်အတန်းကို ခိုင်မာစေပါသည်။

သီလဝါအထူးစီးပွားရေးဇုန်ဆက်လက်အောင်မြင်နိုင်ရေးအတွက် ဇုန် ပတ်ဝန်းကျင်ဒေသများရှိ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနှင့်ဂျပန်နိုင်ငံ အစိုးရ နှစ်ဦးနှစ်ဖက်မှ ထောက်ပံ့မှုများသည်လည်း အဓိကကျလျက်ရှိပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်လာမှုသည် ဥပမာအားဖြင့် ကျိုက်ခေါက်ဘုရားလမ်း အဆင့်မြှင့်တင်ခြင်းကြောင့် လမ်း၏အရည်အသွေးပိုမိုကောင်းမွန်လာကာ လမ်းပိတ်ဆို့မှုကို လျော့ချနိုင်ပြီး မြို့တွင်းသို့ အချိန်ကုန်သက်သာစွာ သွားလာနိုင်ခြင်း၊ လဂွန်းပြင် ရေလှောင်ကန်မှ ရေကိုရယူ၍ရေသန့်စင်မှုအစီအမံများဖြင့် အနာဂတ်တွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့ဖြစ်ပါသည်။ ပဲခူးမြစ်ကိုဖြတ်လျက် လက်ရှိသန်လျင်တံတားနှင့်အပြိုင် တံတားအသစ်တစ်စင်းတည်ဆောက်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် အပြီးသတ်တည်ဆောက်နိုင်မည်ဟု ခန့်မှန်းထားကြပါသည်။ ယင်းကဲ့သို့သော ဆောင်ရွက်ချက်များကြောင့် ရှေ့လာမည်နှစ်များတွင်လည်း သီလဝါအထူးစီးပွားရေးဇုန်အား စိတ်ဝင်စားမှုများမြင့်တက်လျက်ရှိမည်ဟု ခန့်မှန်းထားကြပါသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် ဇုန်အတွင်းနှင့် ဇုန်ပတ်ဝန်းကျင်ရှိ နိုင်ငံတကာ စံချိန်စံညွှန်းမီ အခြေခံအဆောက်အအုံများ၊ တည်ငြိမ်သော လျှပ်စစ်ဓာတ်အား၊ ရှင်းလင်း၍ တိကျပြတ်သားသော မြေယာငှားရမ်းမှု လုပ်ငန်းစဉ်များ၊ ဆိပ်ကမ်းနှင့် ထိစပ်နေမှု၊ အခွန်ကင်းလွတ်ခွင့်များနှင့် အစိုးရရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို တစ်နေရာတည်းတွင် အပြီးအစီးဆောင်

ရှက်နိုင်သည့် One Stop Service Center များဖြင့် မြန်မာနိုင်ငံ စက်မှုဇုန်လောကတွင် အကောင်းဆုံး ဇုန်တစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်းကို စီမံအုပ်ချုပ်သူများမှ ယုံကြည်ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၎င်း၏ စီးပွား ရေးလုပ်ငန်းများကို သီလဝါအထူးစီးပွားရေးဇုန်တွင် အခြေခံအုတ်မြစ်ကို ခိုင်ခိုင်မာမာချမှတ်နိုင်ရေးအတွက် ကုန်လွန် သည့် (၅)နှစ်တာကာလအတွင်း အသိပညာများ၊ စွမ်းဆောင်ရည်များနှင့် ကျွမ်းကျင်မှုများကို ရယူ၍ အာရုံစိုက်ဆောင် ရွက်လျက်ရှိပါသည်။ ရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူထားသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအသစ်အရ မြန်မာသီ လဝါ အက်(စ်) အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အပေါ် ကန့်သတ်ထားသည့် စီးပွားရေးလုပ်ငန်းများကို ပယ်ဖျက်ခဲ့ပြီးဖြစ်ရာ ယခုအချိန် တွင် မြန်မာသီလဝါ အက်(စ်) အီး ဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီ လီမိတက်သည် ၎င်း၏ စီးပွားရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ရန် ပြင်ဆင်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန် အတွင်းတွင်သာမက ဇုန်၏ ပြင်ပတွင်ပါ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်သွားရန် ကြိုး ပမ်းလျက်ရှိပါသည်။ မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အနေဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ပင်လယ်ရေနက်ဆိပ်ကမ်း စီမံကိန်းနှင့် မြစ်ကြီးနားစက်မှုဖွံ့ဖြိုးရေးဇုန်တို့တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံနိုင်ရန် လေ့လာမှုများလုပ်ဆောင်လျက်ရှိကြောင်းကို အသိပေးတင်ပြလိုပါသည်။ ထို့အပြင် မြန်မာ သီလဝါ အက်(စ်) အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သီလဝါအထူး စီးပွား ရေးဇုန်အပေါ် ထပ်မံအားဖြည့်နိုင်သည့်ထောက်ပံ့ပို့ဆောင်ရေးနှင့် သက်ဆိုင်သောစီးပွားရေး လုပ်ငန်းများကို လုပ်ဆောင် ရန် စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိပါသည်။

ကုမ္ပဏီအုပ်စုအနေဖြင့် ၂၁၀၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကောင်းမွန်သော ဘဏ္ဍာရေးစွမ်းဆောင်ရည်ကို ဖော်ဆောင်နိုင် မည်ဟု စီမံအုပ်ချုပ်သူများမှ မျှော်လင့် ယုံကြည်မှုရှိပါကြောင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

## MANAGEMENT DISCUSSION AND ANALYSIS

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the financial year ended 31st March 2019 ("FY2018-19) and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

The financial statements are audited by the Independent Auditor, Win Thin and Associates.

Board of Directors approved this document on 19th June 2019.

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became second company which is listed on the Yangon Stock Exchange.

Net profit of MTSH including sales commission, management fees and share of profit from investment for FY2018-19 is Ks.15.6 billion, which is 22% increase compared to previous financial year.

**Thilawa Property Development Limited ("TPD")**

TPD was formed to undertake the development, construction, marketing, leasing and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH own 80%.

TPD achieved Ks. 614 million net profit for FY2018-19 despite of persistent weak market sentiment in residential and commercial real estate sector.

**Myanmar Japan Thilawa Development Limited ("MJTD")**

MJTD was established to undertake the development, marketing, leasing and operation of Industrial Area in Thilawa SEZ. As 41% of MJTD's paid up share capital is owned by the MTSH, four seats of MJTD board is represents by Directors from MTSH, working together in collaboration with the Japanese representative Directors harmoniously to expand business.

For FY2018-19, MJTD achieved net profit of USD 18.3 million which is 11% increase from previous financial year, an indication of resilient and investor interest of industrial land in Thilawa SEZ continue to strong.

**Summarized consolidated income statement for the year ended**

**Kyat in million**

| | Percentage changed | 31-Mar-19 | 31-Mar-18 (Restated) |
|---|---|---|---|
| Revenue | (51%) | 5,382 | 11,001 |
| Cost of sales | (63%) | (2,134) | (5,771) |
| Gross profit | (38%) | 3,248 | 5,230 |
| Expenses | 11% | (2,825) | (2,535) |
| Share of profit from associate | 25% | 11,395 | 9,083 |
| Operating profit | 0% | 11,818 | 11,778 |
| Income/(expense) from non-operating activities | 283% | 4,096 | 1,070 |
| Total profit before tax | 24% | 15,915 | 12,849 |
| Income tax expense | 600% | (304) | (43) |
| Net profit | 22% | 15,610 | 12,805 |
| | | | |
| Gross profit margin | 27% | 60% | 48% |
| | | | |
| Earning per share (Kyat) | 28% | 398 | 310 |

Revenue for FY2018-19 is Ks. 5.3 billion, which is 51% decline from previous financial year owing to reduction in construction revenue (Ks. 3.5 billion) and residential & commercial land lease (Ks. 2.7 billion).

Despite 51% decline in revenue, the gross profit decreases only 38% mainly due to Ks. 1.1 billion increase in sales commission income of MTSH, a comparatively high margin activity.

Other major attributable items are increases in share of profit earned from investment in associate company MJTD (Ks. 2.3 billion), interest income (Ks. 1.0 billion), and foreign exchange gain (Ks. 2.0 billion). The fluctuation of foreign exchange rate reflects the higher value in terms of Myanmar Kyat for MJTD's US Dollar earning and the group existing US Dollar cash reserve in hand as at 31st March 2019.

Overall, combination of these positive factors contributes to 28% rise in consolidated EPS from Ks. 310 per share for the financial year ended 31st March 2018 to Ks. 398 per share for FY2018-19.

**Summarized Consolidated Balance Sheet as at**

**Kyat in million**

| | Percentage changed | 31-Mar-19 | 31-Mar-2018 (Restated) |
|---|---|---|---|
| **Assets** | | | |
| Current assets | (6%) | 62,653 | 66,389 |
| Non-current assets | 36% | 34,912 | 25,625 |
| **Total assets** | **6%** | **97,565** | **92,014** |
| **Liabilities** | | | |
| Current liabilities | (33%) | 2,755 | 4,112 |
| Non-current liabilities | 10% | 2,761 | 2,509 |
| **Total liabilities** | **(17%)** | **5,516** | **6,622** |
| **Net assets** | **8%** | **92,049** | **85,392** |
| **Equity** | | | |
| Issued and paid up capital | - | 38,929 | 38,929 |
| Retained earnings | 17% | 45,516 | 38,982 |
| Non-controlling interest | 2% | 7,604 | 7,481 |
| **Total equity** | **8%** | **92,049** | **85,392** |

Current assets have decrease by 6% due to transfers of land & development cost from current assets to property, plant and equipment, for Water Purification Plant, Transformer & Operating Centre completed in residential and commercial area. The 36% rise in non-current assets is partly due to transfers mentioned above and primarily from increase of investment amount in associate, due to undistributed share of profit.

Current liabilities decline by 33% caused by decrease in trade payable to sub-contractors due to reduce construction activities. The proposed dividend for FY2018-19 was not recognized as liability at the time of proposal according to *International Accounting Standard 10 – Events after the reporting period*. The proposed dividend became liability after shareholder approval at Annual General Meeting.

Non-current liabilities have increase 10% due to cash received in advance from potential customer for reservation. Advance from customers are recognize as revenue only after completion of contract arrangements and due process.

Group's retained earnings grow 17% in FY2018-19 by Ks. 6.5 billion, as a result of increased level of profit in industrial real estate sector.

**Future prospects**

TPD revenue includes mix of land leasing, sales and rental of shop houses, rental of workers accommodation and construction works. Despite fall in revenue from land leasing, revenue from rental of shop houses and worker accommodation are in the rising trend. There are worker accommodations, Super Hotel, ATM from local banks, convenience store and shophouses operational in residential & commercial area currently. And upcoming projects such as development of shopping mall, futsal courts, branch of local bank, food court for Café, Japanese foods, Thai foods, and Local & Chinese foods will increase the foot traffic and improve business activities further. The management believes that TPD will achieve modest level of performance in FY2019-20 until greater recovery across residential and commercial property market sector.

The group financial performance for FY2018-19 was better than previous year, this is mainly due to increase in revenue from land lease in MJTD. In addition to increase in revenue from land leasing, management foresee steady rise in revenue from rental of factories and utilities services for MJTD.

There are 107 companies in industrial area of Thilawa SEZ and they bring in USD 1.6 billion of investment, and 13 companies had expanded their business. This indicate Thilawa SEZ is the best place to conduct business in Myanmar and entry of Toyota Motor Corporation cement its unrivaled status.

The support from both Myanmar and Japan government for the infrastructural development of surrounding area is critical for continue success of Thilawa SEZ. Infrastructural development works such as completion of Kyaik Khauk Pagoda Road upgrading that will ease traffic congestion and reduce travel time from city center; water supply and purification facility from Lagunbyin Reservoir to meet the future demand of Thilawa SEZ; and new bridge over Bago River in parallel to existing Thanlyin Bridge expect to be finished by 2021 will further improve the attractiveness of Thilawa SEZ in coming years.

The management believes that Thilawa SEZ will remain as best industrial estate in Myanmar with its international standard infrastructure both within and surrounding area of the industrial zone, stable electricity supply, clear and simplified land lease process, proximity to the port, tax incentives and one stop service center for governmental services.

MTSH have focused and laid foundation of its business firmly in Thilawa SEZ and acquired knowledge, skills and expertise over the past five years. With the shareholders' approval of our new constitution that remove the restriction of business activity MTSH was allowed to engage, we are now preparing to move forward our business to next level and venture new investments both inside and outside of Thilawa SEZ. We have been following closely for investment in Kyauk Phyu SEZ and Deep Sea Port Project and Myitkyina Economic Development Zone. In addition to that, MTSH has been on a look out for complementary businesses to the Thilawa SEZ, such as logistic infrastructures and utilities.

The management is optimistic and confident that the group will deliver good financial performance for FY2019-20.